# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃ ) ၂၀၂၆ ခုနှစ် မေလ ၈ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းသည့် သိကောင်းစရာ | ၂ - ၄ |
| ၂။ | ဆူဒန်ပဋိပက္ခတွင် ဒရုန်းအသုံးပြုခြင်းသည် အရပ်သားသေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း UN လူ့အခွင့်အရေးရုံး၏သတိပေး ကြေညာချက် | ၅ - ၆ |
| ၃။ | ၂၀၂၅ ခုနှစ်အတွင်း လန်ချန်း-မဲခေါင်ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၏ အညွှန်းကိန်းများ (Index of Transnational Crimes)ကို လေ့လာတင်ပြခြင်း | ၇ - ၈ |
| ၄။ | ဥရောပသမဂ္ဂက တိရစ္ဆာန်ညှဉ်းပန်းမှုဆိုင်ရာ သမိုင်းဝင်စည်းမျဉ်းများကို အတည်ပြုခြင်း | ၉ -၁၀ |
| ၅။ | ကမ္ဘောဒီးယားနိုင်ငံတွင် အီလက်ထရောနစ်နည်းပညာသုံး လိမ်လည်မှု တိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းခြင်း | ၁၁-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃)    ၂၀၂၆ ခုနှစ် မေလ ၈ ရက်

## အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းသည့် သိကောင်းစရာ

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ၁၂-၃-၂၀၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၂၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းနည်းဥပဒေများကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပါ အသင်းအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အခွင့်အရေးများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရှိနိုင်ရန်၊ ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးခြင်းဖြင့် ရပ်တည်ခွင့်ကို အကာအကွယ်ပေးနိုင်ရန်၊ အသင်းအဖွဲ့၏ဆောင်ရွက်ချက်များနှင့် လှုပ်ရှားမှုများအတွက် ဥပဒေနှင့်အညီ အထောက်အပံ့များရှာဖွေခွင့်၊ လက်ခံခွင့်နှင့် သုံးစွဲခွင့်များရရှိရန်နှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊ အသင်းအဖွဲ့၏လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အသင်းအဖွဲ့ဖြစ်ပေါ်စေရေးအတွက် စောင့်ကြပ်ကြည့်ရှုသည့် စနစ်တစ်ရပ်ထူထောင်နိုင်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားကို အကျိုးပြုသောအသင်းအဖွဲ့အဖြစ် ခိုင်မာအားကောင်းစေရန်ဆိုသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ထုတ်ပြန်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းနည်းဥပဒေများတွင် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း၊ အသင်းအဖွဲ့ဆိုင်ရာ အချက်အလက်များ ပြင်ဆင်ပြောင်းလဲခြင်း၊ အသင်းအဖွဲ့ပိုင် ငွေကြေးနှင့်ပစ္စည်းများ လက်ခံထိန်းသိမ်းသုံးစွဲခြင်း၊ အသင်းအဖွဲ့ဖျက်သိမ်းခြင်း၊ မှတ်ပုံတင်လက်မှတ်မိတ္တူလျှောက်ထားခြင်း စသည့်လုပ်ငန်းစဉ်များကို အခန်းပေါင်း ၁၂ ခန်းဖြင့် အသေးစိတ် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ယင်းနည်းဥပဒေများအရ ပြည်တွင်းအသင်းအဖွဲ့များအနေဖြင့် မှတ်ပုံတင်လက်မှတ်ရရှိရန် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့လည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များအနေဖြင့် မှတ်ပုံတင်လက်မှတ်ရရှိရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့လည်းကောင်း နည်းဥပဒေပါ သတ်မှတ်ထားသည့်ပုံစံနှင့်အညီ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့အမှုဆောင်

အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို စစ်ဆေးရာတွင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း ရှိ မရှိကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း၊ထို့ပြင် အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်နိုင်ဖွယ် ရှိ မရှိ၊ နိုင်ငံတော်၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နိုင်ဖွယ် ရှိ မရှိ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်စေမည့်လုပ်ဆောင်မှုမျိုးကို ဆောင်ရွက်နိုင်ဖွယ် ရှိ မရှိ၊ နိုင်ငံတော်၏ နိုင်ငံတကာဆက်ဆံရေးကိုထိခိုက်စေမည့် သတင်းအမှားဖြန့်ဝေမှုမျိုးကို လုပ်ဆောင်နိုင်ဖွယ် ရှိ မရှိ စသည့်အချက်များကို စိစစ်ပြီးနောက် မှတ်ပုံတင်ခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အသင်းအဖွဲ့များသည် မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးလျှောက်ထားရာတွင် သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့လျှောက်ထားခြင်းမရှိပါက သက်တမ်းတိုးမှတ်ပုံတင်ကြေးအပြင် ဒဏ်ကြေးပေးသွင်းရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့ကို ဖျက်သိမ်းလိုလျှင် သတ်မှတ်ထားသည့် ပုံစံနှင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ဆိုင်ရာအချက်အလက်များ ပြင်ဆင်ပြောင်းလဲလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ သက်မှတ်ချက်များနှင့်အညီ တင်ပြပြီး သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့ထံသို့ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားခြင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဖျက်သိမ်းခွင့်ရရှိသော အသင်းအဖွဲ့သည် အသင်းအဖွဲ့ပိုင်ပစ္စည်းများကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အခြားအသင်းအဖွဲ့ သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းသို့ လှူဒါန်းရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် အခြားဥပဒေတစ်ရပ်ရပ်အရ ထပ်မံမှတ်ပုံတင်ခွင့်မရှိကြောင်း စသည့်အချက်များကို ထည့်သွင်းဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယင်းနည်းဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အသင်းအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အသင်းအဖွဲ့များ ပေါ်ပေါက်လာနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများကို အကျိုးပြုသော အသင်းအဖွဲ့များအဖြစ် ခိုင်မာအားကောင်းစေလာနိုင်ကြောင်း တွေ့ရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ
အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်

- ပြည်ထဲရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃)　　　　၂၀၂၆ ခုနှစ် မေလ ၈ ရက်

## ဆူဒန်ပဋိပက္ခတွင် ဒရုန်းအသုံးပြုခြင်းသည် အရပ်သားသေဆုံးမှု၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း UN လူ့အခွင့်အရေးရုံး၏ သတိပေးကြေညာချက်

(The United Nation -UN) လူ့အခွင့်အရေးဆိုင်ရာအကြီးအကဲ Chief Volker Türk က ဆူဒန်ပဋိပက္ခတွင် ဒရုန်းအသုံးပြုမှု ကျယ်ပြန့်လာခြင်းနှင့်ပတ်သက်၍ တနင်္လာနေ့တွင် အရေးပေါ် သတိပေးချက် ထုတ်ပြန်ခဲ့သည်။အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအနေဖြင့် ချက်ချင်းအရေးယူခြင်း မပြုပါက ဆူဒန်ပဋိပက္ခသည် ပိုမိုပြင်းထန်ပြီး သေကျေပျက်စီးမှုကြီးမားသည့်အဆင့်သို့ ရောက်ရှိတော့မည်ဟု Chief Volker Türk က ပြောကြားခဲ့သည်။

လူ့အခွင့်အရေးရုံးရှိ ဆူဒန်အဖွဲ့၏ တွေ့ရှိချက်အရ ဇန်နဝါရီလမှ ဧပြီလအထိ အရပ်သား သေဆုံးမှု စုစုပေါင်း အနည်းဆုံး ၈၈၀ ရှိသည့်အနက် ၈၀ ရာခိုင်နှုန်းကျော်မှာ ဒရုန်းတိုက်ခိုက်မှုများ ကြောင့်ဖြစ်သည်။ထိုတိုက်ခိုက်မှုထဲတွင် South Kordofan ရှိ Al Quz မြို့နှင့် North Kordofan ရှိ El Obeid မြို့အနီးတွင် ကြာသပတေးနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အရပ်သား ၂၆ ဦး သေဆုံးခဲ့သည်။

Chief Volker Türk က "ဒရုန်းများကို ပိုမိုအားကိုးလာခြင်းသည် မိုးရာသီနီးကပ်လာချိန်အထိ ရန်ပြုမှုများကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားစေပြီး ယခင်က မြေပြင်စစ်ဆင်ရေးများသည် မိုးရာသီ၌ ခေတ္တရပ်ဆိုင်းသွားတတ်သည့်အချိန်ဖြစ်သည်။လာမည့်ရက်သတ္တပတ်များအတွင်း ပဋိပက္ခ ပုံစံအပြောင်းအလဲနှင့်အတူ နယ်မြေရယူရန် သို့မဟုတ် နယ်နိမိတ်ထိန်းချုပ်မှု အားကောင်းလာစေရန် ကြိုးပမ်းမှုများ ပြင်းထန်လာခြင်းသည် ဗဟိုနှင့်အရှေ့ပိုင်းပြည်နယ်များအထိ ပဋိပက္ခများ ပိုမိုပြင်းထန် စေနိုင်ပြီး အရပ်သားအများအပြားအတွက် သေကျေပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသည်"ဟု ပြောကြား ခဲ့သည်။

ဒရုန်းဖြင့် ပစ်မှတ်ထားခံရသည့်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အဦများ ပါဝင်ပြီး ဆေးရုံများ ဆက်လက်မလည်ပတ်နိုင်ခြင်းနှင့် မေလ ၄ ရက်က Khartoum အပြည်ပြည်

ဆိုင်ရာလေဆိပ်ကို တိုက်ခိုက်မှုကြောင့် လေကြောင်းခရီးစဉ်အားလုံး ရပ်ဆိုင်းသွားခဲ့ရခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ဆူဒန်အစိုးရက Khartoum အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် အခြားနေရာများရှိ ဒရုန်းတိုက်ခိုက်မှုများနောက်ကွယ်တွင် အီသီယိုးပီးယားနှင့် ယူအေအီးတို့ ရှိသည်ဟု စွပ်စွဲထားသည်။ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ General Asim Awad Abdelwahab က မတ်လ ၁ ရက်နောက်ပိုင်း ဒရုန်းတိုက်ခိုက်မှု လေးကြိမ်သည် အီသီယိုးပီးယားနိုင်ငံ Bahir Dar မှ အစပြုလာပြီး ယူအေအီးက ထောက်ပံ့သည့် ဒရုန်းများကို အသုံးပြုခဲ့သည့်အချက်အလက်များ ရရှိထားသည်ဟု ပြောကြားခဲ့ပါသည်။

ယူအေအီးသည် ဆူဒန်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် (Rapid Support Forces - RSF)ကို ထောက်ခံသည့်အတွက် အပြင်းအထန်ဝေဖန်ခံနေရသည်။ ဆူဒန်တွင် ၂၀၂၃ ခုနှစ် ဧပြီလက ဆူဒန်တပ်မတော်(Sudanese Armed Forces-SAF)နှင့် (Rapid Support Forces -RSF) တို့အကြား ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုပဋိပက္ခအား ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများထဲမှ တစ်ခုအဖြစ် ဖော်ပြကြပြီး (Rapid Support Forces - RSF)သည် UN ၏ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုစွပ်စွဲချက်များနှင့် ရင်ဆိုင်နေရကြောင်း သိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစိစစ်ရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2026/05/drones-now-leading-cause-of-civilian-deaths-in-sudan-un-human-rights-office-says/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၃)    ၂၀၂၆ ခုနှစ် မေလ ၈ ရက်

## ၂၀၂၅ ခုနှစ်အတွင်း လန်ချန်း-မဲခေါင်ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၏ အညွှန်းကိန်းများ (Index of Transnational Crimes)ကို လေ့လာတင်ပြခြင်း

တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ်နိုင်ငံ ၆ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု (Lancang-Mekong Cooperation)သည် ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၆ ခုနှစ်ထိ ၁၀ နှစ်တိုင်တိုင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားမှလည်း စည်းလုံးညီညွတ်သော ပူးပေါင်းဆောင်ရွက်မှု တံခါးဖွင့်လှစ်၍ အပြန်အလှန်အကျိုးရှိမှု၊ အစိမ်းရောင်ဆန်းသစ်တီထွင်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ဖြင့် “လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဗားရှင်း ၂.၀”ကို တည်ဆောက်ကာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု၏ရွှေရောင် ၁၀ နှစ် ရာစုအသစ်ကို အတူတကွစတင်ဖွင့်လှစ်မည်ဟု ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် ဂုဏ်ပြုဆောင်းပါးတွင် ဖော်ပြထားပါသည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် နယ်စပ်ဖြတ်ကျော်မှုခင်းများသည် MAFIA-STYLE Group၊ Criminal Network ၊ STATE-EMBEDDED Actor၊ Foreign Actors နှင့် Private Sector Actors အစရှိသည့် Criminal Actor များက ကျူးလွန်လျက်ရှိပါသည်။ဒေသတွင်းနိုင်ငံများအနေဖြင့် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း နယ်စပ်ဖြတ်ကျော်၍ ပြစ်မှုများဖြစ်ပွားလျက်ရှိရာ တရားမဝင် ဝင်ရောက်လာသူများအား ဒေသတွင်းနိုင်ငံများရှိ သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ချစ်ကြည်ရေးပြယုဂ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၃၀-၁-၂၀၂၅ ရက်နေ့မှ ၂၄-၃-၂၀၂၆ ရက်နေ့ထိ ကာလအတွင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၁၄၆၁၆ ဦးတို့ကို ဖော်ထုတ်နိုင်ခဲ့ပြီး ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂)မှ တရားမဝင် ဝင်ရောက်လာပြီး telecom fraudနှင့် အခြားပြစ်မှုများတွင် ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုတွင် ဥပဒေရေးရာ

ဝန်ကြီးဌာနအနေဖြင့် Legal Cooperation ကဏ္ဍကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်ဖြတ်ကျော်မှုခင်းများ၏ Criminality Scores လေ့လာတွေ့ရှိချက်များအနက် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ပြစ်မှုအညွှန်းကိန်းများကို အောက်ပါအတိုင်း လေ့လာဖော်ပြအပ်ပါသည် -

**The Lists Index of Transnational Crimes in 2025**

| Types of Crime | China | Cambodia | Laos | Myanmar | Thailand | Vietnam |
|---|---|---|---|---|---|---|
| Human Trafficking | 7.5 (↑0.5) | 8.5 | 8.00 (↑1.00) | 9.0 (↑0.5) | 7.5 (↑0.5) | 7.0 |
| Human Smuggling | 6.50 | 7.00 | 6.5 | 8.0 | 7.5 (↑0.5) | 7.0 |
| Arms Trafficking | 3.0 | 6.0 (↑0.5) | 5.5 | 9.0 | 6.5 | 4.5 |
| Floral Crimes | 8.5 | 8.0 | 8.0 | 8.5 | 6.5 | 7.0 |
| Fauna Crimes | 9.0 | 8.5 | 8.5 | 8.5 | 8.0 | 9.0 |
| Cyber-Dependent Crimes | 8.5 | 7.5 | 5.5 | 7.5 | 6.5 (↑0.5) | 7.0 (↑0.5) |

အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ၁၇-၃-၂၀၂၆ ရက်နေ့၊ ကြေးမုံသတင်းစာ၊ စာ-၆
- ၂၅-၃-၂၀၂၆ ရက်နေ့၊ The Global New Light of Myanmar သတင်းစာ၊ စာ-၇
- Global Organized Crime Index, 2025, https://ocindex.net.pdf

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၃)
၂၀၂၆ ခုနှစ် မေလ ၈ ရက်

## ဥရောပသမဂ္ဂက တိရစ္ဆာန် ညှဉ်းပန်းမှုဆိုင်ရာ သမိုင်းဝင်စည်းမျဉ်းများကို အတည်ပြုခြင်း

ဥရောပပါလီမန်သည် ကြောင်နှင့်ခွေးများကို ကာကွယ်ရန်အတွက် သမိုင်းဝင်စည်းမျဉ်း (မူကြမ်း)တစ်ရပ်ကို ၂၈-၄-၂၀၂၆ ရက်နေ့တွင် အတည်ပြုလိုက်ပါသည်။

ထိုမူကြမ်းကို ၂၀၂၃ ဒီဇင်ဘာလတွင် ပထမဆုံး အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ပြီး "ကြောင်နှင့်ခွေးများ မွေးမြူခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ တင်သွင်းခြင်း၊ ကိုင်တွယ်ထိန်းသိမ်းခြင်းများနှင့် ခြေရာခံနိုင်မှု(traceability)အတွက် ဥရောပသမဂ္ဂ၏စံချိန်စံညွှန်းများ"ကို သတ်မှတ်ပေးပါသည်။ ထိုမူကြမ်းကို ၂၈-၄-၂၀၂၆ ရက်နေ့တွင် ထောက်ခံမဲ ၅၅၈ မဲ ၊ ကန့်ကွက်မဲ ၃၅ မဲ နှင့် ကြားနေမဲ ၅၂ မဲတို့ဖြင့် အတည်ပြုခဲ့ပါသည်။ဤစည်းမျဉ်း(မူကြမ်း)သည် အခြားသောနိုင်ငံများမှ ဥရောပသမဂ္ဂသို့ ဝင်လာသောကြောင်နှင့်ခွေးများအပါအဝင် ဥရောပသမဂ္ဂအတွင်းရှိ ကြောင်နှင့်ခွေးအားလုံးအပေါ် အကျိုးသက်ရောက်မည် ဖြစ်ပါသည်။

စည်းမျဉ်း(မူကြမ်း)သည် တိရစ္ဆာန်များအား ကျန်းမာရေးအန္တရာယ်ရှိနိုင်သော အခြေအနေဖြင့် မွေးမြူခြင်း၊ သွေးဆက်မိသားစုအတွင်း ပြန်လည်မွေးမြူခြင်း (inbreeding)နှင့် ကိုယ်အင်္ဂါထိခိုက်ပျက်စီးစေခြင်းစသည့် ကြောင်နှင့်ခွေးများအတွက် အန္တရာယ်ဖြစ်စေသော ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများကို တားမြစ်ထားသည်။ထို့အပြင် ဥရောပသမဂ္ဂအတွင်းရှိ ကြောင်နှင့်ခွေးအားလုံးကို မိုက်ခရိုချစ်ပ်တပ်ဆင်ပြီး အမျိုးသားဒေတာဘေ့စ်တွင် မှတ်ပုံတင်ထားရမည်ဖြစ်သည်။ယခုစည်းမျဉ်းအသစ်များသည် စီးပွားရေးအတွက်မဟုတ်ဘဲ အိမ်မွေးအလို့ငှာ ဥရောပသမဂ္ဂသို့ဝင်လာသော ကြောင်နှင့် ခွေးများအပေါ်လည်း အကျိုးသက်ရောက်မည် ဖြစ်ပါသည်။

အထက်ပါစည်းမျဉ်းများသည် တိရစ္ဆာန်များကို ကာကွယ်ပေးသည့်အပြင် စီးပွားရေးဆိုင်ရာ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျထိန်းချုပ်မည် ဖြစ်ပါသည်။တရားမဝင်မွေးမြူရေးလုပ်ငန်းသည် အနည်းငယ်သာ ဒဏ်ငွေချမှတ်ခံရပြီး အမြတ်များများရရှိနေသဖြင့် တရားမဝင် မွေးမြူရေးလုပ်ငန်းရှင်များအပေါ် ဥရောပကော်မရှင်သည် ယခင်ကတည်းက စိုးရိမ်မှုများ ရှိနေခဲ့ပါသည်။

ထို့အပြင် ဥရောပကော်မရှင်သည် ကျန်းမာရေး သို့မဟုတ် အပြုအမူဆိုင်ရာ ပြဿနာများရှိသော တိရစ္ဆာန်များကို ဝယ်ယူမိသူများအနေဖြင့် စိတ်ထိခိုက်မှုနှင့် ငွေကြေးကုန်ကျမှုများရှိခြင်း အပါအဝင် စည်းမျဉ်းများ မရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအပေါ်လည်း စိုးရိမ်မှု ရှိကြောင်း ဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂ၏စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌVeronika Vrecionováက "အိမ်မွေးတိရစ္ဆာန်ဆိုသည်မှာ မိသားစုဝင်တစ်ဦးဖြစ်ပြီး အရာဝတ္ထု သို့မဟုတ် ကစားစရာ မဟုတ်ပါ" ဟုဆိုခဲ့သည်။ထို့ပြင်"ဤစည်းမျဉ်းအသစ်သည် တိရစ္ဆာန်များကို အမြတ်ရယူရန်အတွက်သာ အသုံးချသူများအပေါ် ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ရိုးသားသောမွေးမြူရေးလုပ်ငန်းရှင်များအတွက် စံချိန်စံညွှန်းများကိုလည်း သတ်မှတ်နိုင်မည်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဥရောပပါလီမန်မှ အတည်ပြုပြီးဖြစ်သော်လည်း ယင်းစည်းမျဉ်း(မူကြမ်း) စတင်အကျိုးသက်ရောက်ရန် ဥရောပကောင်စီက အတည်ပြုရန်လိုအပ်မည်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်-**

https://www.jurist.org/news/2026/04/eu-approves-landmark-regulations-on-animal-abuse/

## ကမ္ဘောဒီးယားနိုင်ငံတွင် အီလက်ထရောနစ်နည်းပညာသုံး လိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းခြင်း

တရားမဝင်စီးပွားရေးလုပ်ငန်းများကို ကိုင်တွယ်အရေးယူနိုင်ရန် အစိုးရတွင် ဖိအားများစွာ တိုးလာသည့်အချိန်၌ လိမ်လည်မှုစင်တာများကို အရေးယူရန်ရည်ရွယ်သည့် ဥပဒေသစ်တစ်ခုကို ကမ္ဘောဒီးယားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။

အီလက်ထရောနစ်နည်းပညာသုံး လိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ(Law on Combating Technology-Enabled Scams)ဟု အမည်ဖော်ပြထားသောဥပဒေကို ၂၀၂၆ ခုနှစ်၊ဧပြီလ ၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်းသော ပြစ်မှု(၅)မျိုးဖြစ်သည့် နည်းပညာအခြေပြုလိမ်လည်မှု၊ လိမ်လည်မှုစင်တာများကို ဖွဲ့စည်းတည်ထောင်မှု၊ လိမ်လည်ရန်ပါဝင်သူများ စုဆောင်းလေ့ကျင့်မှု၊ မကောင်းသောနည်းလမ်းဖြင့် ကိုယ်ရေးအချက်အလက်များစုဆောင်းမှု၊ငွေကြေးခဝါချမှုတို့အား အကျယ်တဝင့်ဖော်ပြထားကာ ယင်းပြစ်မှုများအပေါ် ပြစ်ဒဏ်များ သတ်မှတ်ထားပါသည်။

အွန်လိုင်းလိမ်လည်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခံရသူများအား ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ် အထိလည်းကောင်း၊ ငွေဒဏ်အများဆုံးရီယယ်-၂၅၀၀၀/- (Riel 25000)အထိ လည်းကောင်း ချမှတ်နိုင်ကြောင်း ဖော်ပြထားပါသည်။လူအများအား ထိခိုက်နစ်နာစေသောပြစ်မှု သို့မဟုတ် အုပ်စုဂိုဏ်းဖွဲ့၍ လိမ်လည်မှုများ ပြုလုပ်ပါက ထောင်ဒဏ်အများဆုံး ၁၀ နှစ်အထိ လည်းကောင်း၊ ငွေဒဏ်ရီယယ်-၂၅၀၀၀၀/-(Riel 250,000)အထိလည်းကောင်း ချမှတ်နိုင်ကြောင်း ဖော်ပြထားပါသည်။လိမ်လည်သူများ ခေါ်ယူစုဆောင်းခြင်း၊ နစ်နာသူများ၏အချက်အလက်များ စုဆောင်းခြင်းနှင့် ငွေကြေးခဝါချမှုများ အတွက်လည်း ယင်းဥပဒေတွင် ပြစ်ဒဏ်သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ကက်တ်ရစ်(HE Koeut Rith)က တရားရေးဝန်ကြီးဌာနတွင် ကျင်းပသော အီလက်ထရောနစ်နည်းပညာသုံး လိမ်လည်မှု

တိုက်ဖျက်ရေးဥပဒေ နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် "အွန်လိုင်းလိမ်လည်မှုများသည် သာမန်ရာဇဝတ်မှုဆိုင်ရာအခြေအနေများကို ကျော်လွန်၍ စိုးရိမ်ဖွယ်ရာ တိုးတက်ပြောင်းလဲလာခဲ့ပြီး အမျိုးသားလုံခြုံရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် မိမိတို့နိုင်ငံ၏ နိုင်ငံတကာဂုဏ်သတင်းအတွက် ကျယ်ပြန့်သောအန္တရာယ်များကို ဖြစ်ပေါ်စေကြောင်း၊ အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ခြင်းသည် တရားဥပဒေစိုးမိုးရေးတစ်ခုတည်း အတွက်သာ ရည်ရွယ်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ဘက်စုံအမျိုးသားလုံခြုံရေးကိစ္စအဖြစ် သတ်မှတ်၍ စုပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဒစ်ဂျစ်တယ်ငွေကြေးဖြစ်သည့် Cryptocurrency အခြေပြု လိမ်လည်မှုများကို ကျူးလွန်လျက်ရှိသည့် ဂိုဏ်းများ၊ အဖွဲ့အစည်းများကို လက်ခံထားရှိသည့် ဗဟို ဌာနတစ်ခုအဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (**UNODC**)နှင့် အနောက်နိုင်ငံ များ၏ ဝေဖန်မှု၊ စောင့်ကြည့်ခံရမှုများရှိနေခဲ့သည့် နိုင်ငံဖြစ်ပြီး ငွေလိမ်စခန်းများ၊ လူကုန်ကူးသည့် ဂိုဏ်းများ တည်ထောင်ထားသည်ဟု စွပ်စွဲခံရပြီးနောက် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးနင်းဖမ်းဆီးမှုပေါင်း ၁၀၀ ကျော် ပြုလုပ်ကာ ရာဇဝတ်သားပေါင်း ၁၀၀၀၀ကျော် ဖမ်းဆီးခဲ့ကြောင်း၊စီးနင်းမှုများတွင် ဖမ်းဆီးရမိသောနိုင်ငံခြားသားများကို ပြည်နှင်ဒဏ် ပေးခဲ့ပြီး ကာစီနို ၄ ခုကို လိုင်စင်ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း၊ထို့ပြင် ဝန်ကြီးချုပ်ဟွန်မာနက်(Hun Manet)ကိုယ်တိုင် ဦးဆောင်သော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအထူးအဖွဲ့(Ad-Hoc Committee to Combat Online Scams)ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

လူသိများသည့် အရေးယူဆောင်ရွက်မှုအနေဖြင့် ကမ္ဘောဒီးယားအခြေစိုက် ပရင့်စ် ဟိုးဒင်း ဂရု(ပ်) (Prince Holding Group)၏ တည်ထောင်သူ၊ ဝန်ကြီးချုပ်ဟောင်းများ၏ အကြံပေးအဖြစ် လည်းဆောင်ရွက်ဖူးသူ ချန်းကျိ(Cheng Zhi)အား ကမ္ဘာလုံးဆိုင်ရာ ငွေလိမ်လည်မှုကွန်ရက်ဖွဲ့စည်း

ခြင်း၊ လူကုန်ကူးမှုနှင့် အဓမ္မအလုပ်ခိုင်းစေမှု၊ ငွေကြေးခဝါချမှုများဖြင့် ဖမ်းဆီးခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

အီလက်ထရောနစ်နည်းပညာသုံး လိမ်လည်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံသည် နည်းပညာအခြေပြုလိမ်လည်မှု၊ လိမ်လည်မှုစင်တာများကို ဖွဲ့စည်းတည်ထောင်မှု၊ လိမ်လည်ရန်ပါဝင်သူများ စုဆောင်းလေ့ကျင့်မှု၊ မကောင်းသောနည်းလမ်းဖြင့် ကိုယ်ရေးအချက်အလက်များစုဆောင်းမှု၊ ငွေကြေးခဝါချမှုများအပေါ် ထိရောက်စွာ အရေးယူနိုင်သည့် ဥပဒေတစ်ရပ် ပိုင်ဆိုင်လာပြီး ယင်းဥပဒေနှင့်အညီ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်ကာ တိုင်းပြည်၏ပုံရိပ်ကို ပြန်လည်ထိန်းသိမ်းရန် အခွင့်အရေးများရှိလာသည်ကို တွေ့ရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ<br>
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.bangkokpost.com/world/3230100/cambodia-passes-landmark-cybercrime-law

https://www.reuters.com/sustainability/boards-policy-regulation/uk-sanctions-cambodia-based-scam-centre-crypto-platform-2026-03-26/

https://mail.vps.akp.gov.kh/post/detail/366736

https://www.globaltimes.cn/page/202604/1358386.shtml

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

